# CHIN FORUM
# ၏
# (၆၁)နှစ်မြောက် ချင်းအမျိုးသားနေ့သဝဏ်လွှာ

ယနေ့(၆၁) နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ဘဝတူ ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးသို့ CHIN FORUM အနေနှင့် အောက်ဖေါ်ပြပါ အတိတ်သမိုင်းမှတ်တိုင်များအား အလေးအနက်ထား ကာနှစ်လုံးသွင်းကြပါရန် တိုက်တွန်းလိုပါသည်။

- ဗမာဘုရင့်ထီးနန်းအား ဗြိတိသျှတို့ က ၁၈၈၅ ခုနှစ်တွင်အပြီးသိမ်းပိုက်ကျွန်ပြုခဲ့သည့်အချိန်တွင် မိမိတို့၏သမိုင်းတလျောက်မည်သည့်ပြင်ပအင်အားစု၏လက်အောက်မှမကျရောက်ခဲ့ဘူးပဲ၊ ကိုယ့်နယ်မြေကိုယ်အုပ်ချုပ်ကာတည်ရှိခဲ့သည့် ချင်းပြည်သည် လွတ်လပ်သော နယ်မြေ အဖြစ် ဆက်လက် ရပ်တည်ခဲ့သည်။ ဗြိတိသျှတို့ သည် ၄င်းတို့၏ Chin-Lushai Expedition ခေါ် ချင်းပြည် တခုလုံးအား ကျူးကျော်သိမ်းပိုက်ရေးစစ်ဆင်ရေးကြီးကို ၁၈၉၀ ခုနှစ်တွင်စတင်ခဲ့သည်။ နှစ်နှင့်ချီပြီး ကျွန်ုပ်တို့၏ ဘိုးဘေးတို့သည် သူရဲကောင်းပီသစွာ အသက်များ ပေးဆပ်စတေးခဲ့ကြပြီးမှ ဗြိတိသျှ အင်ပါယာ လက်အောက်သို့ကျရောက်ခဲ့သည်။
  ချင်းပြည်၏အုပ်စိုးသူများနှင့်ဗြိတိသျှတို့အကြား ငြိမ်းချမ်းရေး သဘောတူညီချက်များကိုအခြေခံပြီး ရေးဆွဲထားသည့် ၁၈၉၆ ခုနှစ် ချင်းတောင်တန်း အက်ဥပဒေ အရ ချင်းပြည်သည် ဗြိတိသျှလက်အောက်သို့ကျရောက်ခဲ့ခြင်းဖြစ်ပြီး၊ ယင်းနှစ်သည် ချင်းပြည် အနေနှင့် သမိုင်းတခုလုံး တွင်  ပြည်ပအင်အား စုတစ်ခု၏လက်အောက်သို့ ပထမဦးဆုံး အကြိမ်ကျရောက်ခဲ့ခြင်းဖြစ်သည်။

- ချင်း အမျိုးသား အုပ်စိုးသူများသည်၄င်း၊ ဗမာအပါအဝင်အခြားအမျိုးသားများသည်၄င်း လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပြီး ၁၉၄၇ ခုနှစ် ဖေဖေါ်ဝါရီလ (၁၂) ရက်နေ့တွင် ဗမာကိုယ်စားလှယ် ဗိုလ်ချုပ် အောင်ဆန်း နှင့် ချင်း အပါအဝင် အခြားအမျိုးသားကိုယ်စားလှယ်များ အတူတကွ တိုင်းနိုင်ငံထူထောင်ရန် သဘောတူညီမှုရယူကာ သမိုင်းဝင် ပင်လုံစာချုပ်ကို ရေးထိုးခဲ့ကြသည်။ ဖေါ်ပြပါ နိုင်ငံရေးစာချုပ်စာတမ်း အား အခြေပြုပြီးပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ ၁၉၄၈ ခုနှစ် ဇန္နဝါရီလ (၄) ရက်နေ့တွင် နိုင်ငံအသစ်တစ်ခုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

- ၁၉၄၇ ခုနှစ် မတ်လ (၄) ရက်မှ (၆) ရက်အထိ ထီးလင်း မြို့တွင်ကျင်းပသည့် ချင်း-ဗမာ ချစ်ကြည်ရေးအစည်းအဝေးတွင် ခေါင်းဆောင်များဖြစ်ကြသည့် ဒီးဒုတ်ဦးဘချို နှင့် ပူးဝမ်းသူးမောင်စသည်တို့က ဗမာနှင့်ချင်းအသီးသီးကို ကိုယ်စားပြုကာ ချင်း-ဗမာ ချစ်ကြည်ရေးစာချုပ်ကိုရေးဆွဲခဲ့ကြသည်။ ချင်း-ဗမာ ချစ်ကြည်ရေး ကျောက်တိုင်ကိုလည်းအတူတကွတန်းတူ စိုက်ထူခဲ့ကြသည်။

- ဤ သို့သောသမိုင်း မှတ်တိုင်များအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအား ဗမာနှင့်အခြား ပြည်ထောင်စု သားများ တန်းတူထူ ထောင်ခဲ့ကြသည်။

- ၁၉၄၈ ခုနှစ် ဖေဖေါ်ဝါရီလ (၁၈) မှ(၂၀) အထိ ချင်းပြည်၏ဒီမိုကရေစီ ဘူမိနက်သန် ဖလမ်းမြို့တွင် ချင်းပြည်၏ အနယ်နယ်အရပ်ရပ်မှ ကိုယ်စားလှယ် ၅၀၀၀ တက်ရောက်သည့် လူထုအစည်းအဝေး ကြီးအား သမိုင်းတွင်ပထမဦးဆုံးအကြိမ်အဖြစ်ကျင်းပနိုင် ခဲ့သည်။ ၁၉၄၈ ခုနှစ် ဖေဖေါ်ဝါရီလ (၂၀) ရက်နေ့တွင်ချင်းပြည်၏အနာဂတ်ကို အဆုံးအဖြတ်ပေးမည့် ဒီမိုကရေစီနည်းကျ မဲပေးဆုံးဖြတ် ပွဲ တစ်ခု ကျင်းပခဲ့သည်။ ယင်း မဲပေးဆုံးဖြတ် ပွဲတွင် ရှေးဟောင်းပဒေသရာဇ်စနစ် အား ဖျက်သိမ်း ရန် နှင့် ချင်းပြည်တွင်ဒီမိုကရေစီ စနစ်ကျင့်သုံးရန် အများစုကြီးမှ မဲပေးဆုံးဖြတ် ကြ သည်။ ယင်းသို့ ရှေးဟောင်းချင်းလူ့အဖွဲ့အစည်း မှ ခေတ်သစ်ဒီမိုကရေစီ လူ့အဖွဲ့အစည်းအသွင်သို့ကူးပြောင်းခဲ့သည့် အထိမ်းအမှတ်အဖြစ် ချင်းအမျိုးသားနေ့ ကိုကျင်းပခဲ့ကြခြင်းဖြစ်သည်။

- တစ်ဆယ့်လေးနှစ်တာမျှ ပြည်ထောင်စုအတုအယောင်အောက်တွင်ခါးသီးသည့်နိုင်ငံရေး အတွေ့ အကြုံများကိုဖြတ်သန်းခဲ့အပြီးတွင်တိုင်းရင်းသားလူမျိုးစုတို့သည် မိမိတို့ကိုယ်တိုင် ပါဝင်ရေးထိုးခဲ့ သည့် ပင်လုံစာချုပ်နှင့် အညီ တိုင်းပြည်၏အခြေခံဥပဒေအား ဖက်ဒရယ်ပြည်ထောင်စုအသွင်သို့ ပြင်ဆင်ရန်တောင်းဆိုခဲ့ကြသည်။ ထိုစဉ်ကာလ ဝန်ကြီးချုပ် ဦးနု၏လက်အောက်တွင် ဖယ်ဒရယ် နီးနှောဖလှယ်ပွဲ ကိုကျင်းပနေစဉ် ၁၉၆၂ ခုနှစ် မတ်လ (၂) ရက်နေ့တွင် ဗမာ့တပ်မတော်မှ ဗိုလ်ချုပ် နေဝင်းသည် တိုင်းပြည်၏ အာဏာကို အဓမ္မသိမ်းယူကာ တိုင်းရင်းသား လူမျိုးစုတို့ရည်မှန်းသည့် တန်းတူရေး၊ အမျိုးသား ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေး နှင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု အတွင်း ငြိမ်းချမ်း စွာ အတူယှဉ်တွဲနေထိုင်ရေး ရည်မှန်းချက်များအား တားစီးဖျက်သိမ်းခဲ့သည်။

- ထိုအချိန်မှစပြီး တိုင်းပြည်တွင် ရှိသမျှသော ဒီမိုကရေစီ အုတ်မြစ်များကို စစ်အာဏာ အဆက်ဆက် မှအမြစ်ပါမကျန်အောင်မြေလှန်ဖျက်စီးခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးစုများသာမက၊ ဗမာအပါ အဝင် ဖြစ်သော ရဟန်းရှင်လူပြည်သူလူထုတရပ်လုံးသည် ဒီမိုကရေစီအခွင့်အရေးများကို ဆုံး ရှုံး ခဲ့ရပြီး တိုင်းပြည် တစ်ခုလုံးသည်လည်း လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး အဖက်ဖက်တွင်ယိုယွင်း ပျက်စီး ခဲ့ရသည်။

အထက်ဖေါ်ပြပါ ခိုင်မာသောသမိုင်းအချက်အလက်တို့ကို နလုံးသွင်းကာ ယနေ့ (၆၁) နှစ်မြောက် ချင်းအမျိုးသားနေ့တွင် CHIN FORUM အနေ နှင့်ဘဝတူပြည်ထောင်စုမြန်မာနိုင်ငံသားများအား အောက်ပါ အချက်အလက်များကိုအလေးအနက်စဉ်းစားကြပါရန်ဆော်ဩလိုက်ပါသည်၊

  - ၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံကြီးမှပေါက်ဖွားခဲ့သော ဒီမိုကရေစီအင်အားစုသည် ပြည်သူတို့၏အသက်သွေး၊ ချွေးတို့ကိုအမြောက်အမြားပေးဆပ်ခဲ့ကြသည့်အပြင်၊ နိုင်ငံတကာထောက်ခံအားပေးမှုများကို မကြုံစဖူးရရှိကြပါလျက် မည်သို့သောအကြောင်း များကြောင့် ဒီမိုကရေစီရေး၊ ဖက်ဒရယ်ရေး နှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး မိမိတို့၏ ရည်မှန်းချက်များ ကုန်လွန်ခဲ့သည့် အနှစ် (၂၀) ကာလအတွင်းမရရှိခဲ့ကြပါသနည်း။

  - ချင်းအမျိုးသားများသည်၄င်း အခြားတိုင်းရင်းသား လူမျိုးစုတို့သည်၄င်း နှစ်ပေါင်း (၆၀) ကြာပေးဆပ် ရုန်းကန်ခဲ့ကြသော်လည်း မိမိတို့ ၏ ဒီမိုကရေစီရေး၊ အမျိုးသားကိုယ်ပိုင် ပြဌာန်း ခွင့်ရရှိရေး ရည်မှန်းချက်များကိုယနေ့အထိပင်မရရှိနိုင်သေးသည်မှာမည်သို့သောအ ကြောင်း တရားများ ကြောင့်ဖြစ်ပါသနည်း။

- မြို့ပြတို့၏လမ်းမများပေါ်တွင်၄င်း၊ နိုင်ငံအနှံ့ထောင်များတန်းများ နှင့် တောတောင်ရှိမြောင်တို့ တွင်၄င်း မြောက်မြားလှသည့်အညတရ ဒီမိုကရေစီသူရကောင်းများမှ ရာစုနှစ်ထက်ဝက်ကျော်မျှ အသက်သွေးပေါင်းမြောက်မြားစွာပေးဆပ်ခဲ့ကြသော်လည်း၊ မည်သို့သောအကြောင်းများကြောင့် အောင်ပွဲကို ရေးရေးမျှ ပင်မမြင်ရသေးပဲဖြစ်နေသနည်း။

ဤလေးနက်သောမေးခွန်းများအတွက်အဖြေပေါင်းအမြောက်အမြားရှိနိုင်ပါသည်။ အဖျင်းဆုံး၊ အလွယ်ဆုံး အဖြေတစ်ချို့မှာ ဒီမိုကရေစီခေါင်းဆောင်များအပေါ် သို့အပြစ်ပုံချခြင်း၊ စစ်အာဏာအဆက်ဆက်၏ မစေ့စပ်မဆွေးနွေးစတမ်း ရက်စက်ကြမ်းကြုတ်မှုကို ထောက်ပြခြင်းစသည်တို့ဖြစ်ပေလိမ့်မည်။ ဖေါ်ပြပါအဖြေများသည် ပြည်သူအပေါင်း တို့ ဒုက္ခသံသရာ လည်ခဲ့ရသည့်အကြောင်း တရားများ လည်းဖြစ်ပေလိမ့်မည်။ သို့ဖြစ်လင့်ကစား၊ ယင်းအကြောင်းအရာများထက် ကျွန်ုပ် တို့၏ အတွင်းစိတ်သန္တာန်တွင်နက် ရှိုင်းစွာ အမြစ်တွယ်နေသည့်ကြီးမားသော အားနဲချက်များသည် တကယ့်အကြောင်းရင်းမှန်များဖြစ်လိမ့်မည်ဟုယုံကြည်ယူဆစရာရှိနေပါသည်။

ရိုးရိုးသားသား၊ စေ့စေ့စပ်စပ် ဝေဖန် ပိုင်းခြားမည်ဆိုပါက ဒီမိုကရေစီအင်အားစုများတွင် အောင်ပွဲဆင်ရန်မရှိမဖြစ်လိုအပ်သည့်အောက်ပါအချက်များကင်းမဲ့နေသည်ကို ရှင်းလင်းပြတ်သား စွာ တွေ့မြင်နိုင်ပါသည်။

၁) သွေးစည်းညီညွတ်မှု၊
၂) နိုင်ငံရေးဗျူဟာ နှင့်
၃) နိုင်ငံရေးအတွေးအခေါ်၊ ဒီမိုကရေစီအင်အားစုတို့သည် မိမိတို့ကိုယ်တိုင်ဒီမိုကရေစီဝါဒအတွေးအခေါ်ကိုနားလည်၊ယုံကြည်၊ လိုက်နာခြင်းမရှိကြပါ။

ဤသို့နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသည့်အားနဲချက်များမှာ ရှည်ကြာလွန်းသည့် တော်လှန်ရေး၏အမွေအဖြစ်၄င်း၊ လွတ်လပ်စွာတွေးခေါ်ခွင့် ကို အာဏာရှင်တို့က ရှည်ကြာစွာဖိနှိပ်ထားသည့်နောက်ဆက်တွဲအမွေအဖြစ်၄င်း ဖြစ်ပေါ်နေသောအားနဲချက်များဖြစ်ပါသည်။

သို့ဖြစ်သဖြင့် ဒီမိုကရေစီအင်အားစုတို့အောင်ပွဲခံရေး အတွက် ကျွန်ုပ်တို့အတူလက်တွဲကာ သွေးစည်းညီညွတ်မှုကိုတည်ဆောက်ကြရပါမည်။ လူမျိုး၊ ဘာသာ၊ဒေသ တို့ကိုဖြတ်ကျော်သည့်သွေးစည်းမှုသည်သာလျင် အောင်ပွဲကိုစွတ်ခူးပေးမည့် အကောင်းဆုံးလက်နက်ဖြစ်ပေသည်။ ယနေ့မှစ၍ အတိတ်ကလျောက်လှန်းခဲ့ကြသည့် လမ်းကြောင်းအမှား ကိုပြတ်ပြတ်သားသားစွန့်လွှတ်ကာ မိမိအတွက်သော်၄င်း၊ ဒီမိုကရေစီအင်အားစု နှင့် အများပြည်သူတို့ အတွက်သော်၄င်း ဒီမိုကရေစီသဘောတရားများအားလမ်းညွှန်အတွေးအခေါ်အဖြစ်စုတ်ကိုင်ကြပါစို့။ မျိုးဆက်သစ်တို့ရင်ဆိုင်ရမည့်စိန်ခေါ်မှုအသစ်များအတွက် ထိရောက်သော နိုင်ငံရေးဗျူဟာသစ်များကိုရေးဆွဲကြပါစို့။ သို့မှသာလျင် မြင့်မြတ်သော ဒီမိုကရေစီ တော်လှန်ရေးကြီး၏ တာဝန်တို့အားကြေပွန်စွာထမ်း ဆောင်နိုင်မည်ဖြစ်ပြီး မကြာတော့သည့်အနာဂတ်တွင် အောင်ပွဲအဆင့်ဆင့် တို့ကိုမျက်မောက်ပြုရန် အာမခံနိုင်မည်ဖြစ်သည်။

CHIN FORUM
Ottawa, Canada
20th. February 2009